APHR ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

---

# ဒေသတွင်းရှိလွှတ်တော်အမတ်များကထိုင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲအားကန့်ကွက်ရှုံ့ချ

ဂျကာတာ၊ ဩဂုတ်လ ၄ ရက်၊ ၂၀၁၆ ခုနှစ်။ အရှေ့တောင်အာရှနိုင်ငံများမှ လွှတ်တော်အမတ်များသည် တနင်္ဂနွေနေ့တွင်ပြုလုပ်မည့် ထိုင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုဆန္ဒခံယူပွဲနှင့် စပ်လျဉ်းသည့် ဒီမိုကရေစီနည်းလမ်းမကျသည့်လုပ်ငန်းစဉ်အား ကန့်ကွက်လိုက်ပြီး အခြေခံဥပဒေမူကြမ်းအား ဆန့်ကျင်သည့်လှုပ်ရှားမှုများကိုဆောင်ရွက်နေသူများအား နှောင့်ယှက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ခြိမ်းခြောက်မှုများ ပြုလုပ်နေမှုများအပေါ်ပိုမိုစိုးရိမ်လာကြောင်းလည်း ပြောကြားခဲ့သည်။

ယခုလူထုဆန္ဒခံယူပွဲမှာ အဓိပ္ပါယ်မရှိကြောင်း၊ ဒီမိုကရေစီဆန်သောလုပ်ငန်းစဉ်မဟုတ်ကြောင်း၊ တက်ကြွကောင်းမွန်သောစကားစစ်ထိုးဆွေးနွေးပွဲများမရှိဘဲ အာဏာပိုင်များကလက်နက်ဖြင့်ခြိမ်းခြောက်ကာအဓမ္မပေးစေသောမဲသာဖြစ်ကြောင်း လူ့အခွင့်အရေးဆိုင်ရာအာဆီယံလွှတ်တော်အမတ်များအဖွဲ့ (APHR) ဥက္ကဋ္ဌနှင့် မလေးရှားနိုင်ငံလွှတ်တော်အမတ် Charles Santiago က ပြောကြားခဲ့သည်။

တနင်္ဂနွေနေ့တွင်ပြုလုပ်မည့်ဆန္ဒခံယူပွဲတွင် မဲပေးရမည့်ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်တပ်က ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီက ရေးဆွဲထားခြင်းဖြစ်ပြီး ထိုင်းနိုင်ငံမှ နိုင်ငံရေးသမားများ၊ ပညာရှင်များနှင့် အပါအဝင်လူ့အခွင့်အရေးအဖွဲ့အစည်းများစွာက ပြင်းထန်စွာဝေဖန်ခဲ့ကြသည်။ မူကြမ်းတွင်ပါဝင်သော ဒီမိုကရေစီနှင့်မလျော်ညီသောဥပဒေပုဒ်မ များကို ဝေဖန်ထောက်ပြခဲ့ကြပြီးယင်းအချက်များတွင် နိုင်ငံရေးတွင် စစ်တပ်ကထိန်းချုပ်မှု၊ ရွေးချယ်ခံကိုယ်စားလှယ်များ၏အာဏာကိုလျှော့ပါးစေမှု၊ ယင်းတို့၏ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန် ယခင်က ထိန်းသိမ်းခဲ့သောအခွင့်အရေးများအား လူထုအနေဖြင့်မရရှိနိုင်မှု စသည်တို့ ပါဝင်သည်။

" ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးမှာယုံကြည်အားကိုးတဲ့မိမိတို့လွှတ်တော်အမတ်များအနေဖြင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဲဆန္ဒပြုမှုများကိုမထောက်ခံနိုင်ပါဘူး၊ မိမိတို့အနေဖြင့် ထိုင်းနိုင်ငံသားများ၊ နိုင်ငံအတွင်းတွင် အခြေခံလူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များရရှိရေး တိုက်ပွဲဝင်နေကြ

သောသူများနှင့်တသွေးတသားတည်းရှိနေတယ်လို့ပြောလိုပါတယ်” ဟု Santiago က ပြောကြားခဲ့သည်။

APHR အနေဖြင့် တနင်္ဂနွေနေ့မဲပေးမှုမတိုင်မီ ဖွဲ့စည်းပုံမူကြမ်းကိုဝေဖန်မှုကြောင့် အရေးယူခံနေရသည့် တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးသမားများနှင့် ဂျာနယ်လစ်များအပေါ် အသုံးပြုခဲ့သော လွတ်လပ်စွာပြောဆိုခွင့်နှင့် စုဝေးခွင့်များဆိုင်ရာအငြင်းပွားဖွယ် တားဆီးကန့်သတ်မှုများကို မီးမောင်းထိုးပြခဲ့သည်။ အာဏာပိုင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်းကို ဖျက်သိမ်းခဲ့ပြီးတက်ရောက်လာသူများကိုလည်း ခြိမ်းခြောက်ခဲ့သည်။

မဲဆန္ဒရှင်များအား လွှမ်းမိုးနိုင်စေမည့် ပြင်းထန်သော သတင်းအချက်အလက်များဖြန့်ဖြူးခြင်းအား လူထုဆန္ဒခံယူပွဲနှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းထားသောဥပဒေတွင် ပုဒ်မပြဋ္ဌာန်းကာ တားမြစ်ထားသည်။ လွှတ်တော်အမတ်များက အဆိုပါပုဒ်မသည် အလွန်အမင်းကျယ်ပြန့်လွန်းပြီး နိုင်ငံတကာစံနှုန်းများအား ချိုးဖေါက်နေကြောင်း ဝေဖန်ကြသည်။

မဲပေးရန်အတွက် သင့်လျော်သောအခြေအနေမရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် လွတ်လပ်ပွင့်လင်းသောစကားစစ်ထိုးဆွေးနွေးပွဲများမှာ အရေးပါကြောင်း၊ ယင်းသို့မပြုလုပ်နိုင်ပါက လူထုဆန္ဒခံယူခြင်းမဟုတ်ဘဲရွေးချယ်ခံမဟုတ်သည့် စစ်အာဏာပိုင်များက ယင်းတို့အလိုကျဥပဒေပြုမှုရရှိနိုင်ရေးအလို့ငှာဒီမိုကရေစီလုပ်ငန်းစဉ်ကို အလွဲသုံးစားပြုရန်ကြိုးစားခြင်းတစ်ခုသာဖြစ်ကြောင်း Santiago ကပြောကြားခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာမသမာမှုများကိုစောင့်ကြည့်လေ့လာနိုင်ရန် နိုင်ငံတစ်ဝှန်းတွင် စင်တာများထားရှိဆောင်ရွက်နိုင်ရေးကြိုးစားခဲ့သူ (၃၈) ဦးကို ဖမ်းဆီးချုပ်နှောင်ခြင်းအပါအဝင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို ကန့်သတ်ထိန်းချုပ်ခဲ့သည့် စစ်အာဏာပိုင်များ၏လုပ်ဆောင်ချက်များကိုလည်း APHR အဖွဲ့ကရှုပြခဲ့ပါသည်။ “ အဆိုပါဆောင်ရွက်ချက်များသည် မူလကပင် မခိုင်မာသည့် မဲဆန္ဒပြုမှုများ၏ တရားဝင်စစ်မှန်မှုကိုလျော့နည်းစေသည်” ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားခဲ့သည်။

လူထုဆန္ဒခံယူပွဲမတိုင်မီစစ်မှန်သော ဆွေးနွေးစကားစစ်ထိုးပွဲများပြုလုပ်နိုင်ရန်အတွက် လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်နှင့် စုဝေးခွင့်များဆိုင်ရာအငြင်းပွားဖွယ် တားဆီးကန့်သတ်ချက်များကို ရုတ်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအပါအဝင် နိုင်ငံတကာအစိုးရများ၊ ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၏ တောင်းဆိုမေတ္တာရပ်ခံမှုများကို ထိုင်းစစ်အစိုးရခေါင်းဆောင်များက မျက်ကွယ်ပြုခဲ့သည်။

ထိုင်းစစ်အစိုးရသည် လွတ်လပ်မျှတစွာဆွေးနွေးမှုများပြုလုပ်နိုင်ရေး တောင်းဆိုမှုများကို အလေး မထားသည့်အပြင် လူထုဆန္ဒခံယူပွဲကျင်းပရေးဆိုင်ရာ နိုင်ငံတကာအခြေခံစံနှုန်းများကိုလည်း ခေါင်းမာစွာမျက်ကွယ်ပြုခဲ့သည်ဟု ဖိလစ်ပိုင်လွှတ်တော်အမတ်ဟောင်းနှင့် ဘုတ်အဖွဲ့ဝင်ဖြစ်သူ Walden Bello က ပြောကြားခဲ့သည်။

ယခုဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုခဲ့လျှင် သက်ဦးဆံပိုင်စနစ်ကိုဖျက်သိမ်းခဲ့သည့် ၁၉၃၂ ခုနစ် မှစတင်ကာယနေ့အချိန်ထိသုံးစွဲလာခဲ့သည့် (၂၀) ခုမြောက် အခြေခံဥပဒေဖြစ်လာမည် ဖြစ်သည်။ မူကြမ်းကိုအတည်ပြုရန် ကန့်ကွက်ခံရလျှင်လည်း အာဏာကိုဆက်လက်ချုပ်ကိုင်ထားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် Prayuth Chan-ocha အပါအဝင် စစ်အာဏာရှင်ခေါင်းဆောင်များက အခိုင်အမာ ပြောကြားခဲ့သည်။

"ထိုင်းပြည်သူများအနေဖြင့် အခြေခံဥပဒေကိုထောက်ခံသည်ဖြစ်စေ၊ မထောက်ခံသည်ဖြစ်စေ ဝေဖန် အပြစ်တင်ခံရမယ့်ပုံပါဘဲ၊ ဗိုလ်ချုပ်ကြီးPrayuth နှင့်ခေါင်းဆောင်တွေမှာ အာဏာကို လက်လွှတ်ပေးဖို့ ဆန္ဒမရှိပါဘူး၊ ထိုင်းပြည်သူတွေကိုအခွင့်အရေးပေးတယ်ဆိုပေမယ့် ရှင်းလင်းကောင်းမွန်မှုမရှိသလို အန္တရာယ်များတဲ့ အခြေအနေတစ်ရပ်လည်းဖြစ်ပါတယ်" ဟု Bell၀ ကပြောကြားခဲ့သည်။